စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

၁။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ဘက်စုံအားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးသည့် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် အစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာပြီး၊ ၂၀၁၁ ခုနှစ်၊ မတ်လ(၃၀)ရက်နှင့် (၃၁)ရက်များတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်၏ အမိန့်နာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်မှ ရှေ့ဆက်သွားမည့် မူဝါဒများနှင့် ပတ်သက်၍ ဒို့တာဝန် အရေးသုံးပါးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဒုတိယအင်အား ဖြစ်သည့် စီးပွားရေးအင်အား တောင့်တင်းရန် လိုအပ်ကြောင်း၊ စီးပွားရေးသည် နိုင်ငံရေး၏ ကွင်းဆက်တစ်ခု ဖြစ်ပါကြောင်း၊ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်အတွက် လိုအပ်သည့် ဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများကို ခိုင်မာစွာ တည်ဆောက်ရန်နှင့် မြန်မာနိုင်ငံသည် ကြွယ်ဝ ချမ်းသာသည့်အဆင့်သို့ မရောက်သေးသည့်အတွက် နိုင်ငံတော်၏ စားဝတ်နေရေး ဖူလုံပြည့်စုံမှု ရှိရန် တိုးမြှင့်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

အစိုးရသစ် တာဝန်ယူပြီးနောက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူဦးရေစုစုပေါင်း၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို လုပ်ငန်း (၈)ရပ်ချမှတ်၍ အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဖန်တီးရမည်ဖြစ်ပြီး ဝင်ငွေ တိုးတက်စေရန်လည်း ဆောင်ရွက်ရမည် ဖြစ်သဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယင်းသို့ နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ရှည်၊ နှစ်တိုစီမံကိန်းများရေးဆွဲ၍ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး (GDP) တိုးမြင့်စေရန် ကဏ္ဍအလိုက် ရည်မှန်းချက်များကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးစုဆောင်းနိုင်မှု ကွာဟချက်ကို ဖြည့်ဆည်းပေးသည့် အရေးပါသော အရင်းအမြစ်တစ်ခု

ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်၏ ပြည်ပငွေပေးငွေယူရှင်းတမ်းနှင့် ဆက်စပ်နေသည့်အပြင် ရင်းနှီးငွေကို တိုးတက်စေရုံသာမက အလုပ်အကိုင် အခွင့်အလမ်းရရှိမှု၊ ပြည်ပပို့ကုန်ဈေးကွက်ပိုမိုရရှိမှုနှင့် နည်းပညာ၊ တီထွင်မှုစွမ်းရည်တိုးတက်မှုစသည့် အကျိုး ကျေးဇူးများကို ရရှိစေသဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် "ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ တိုင်းပြည်စီးပွားရေး ပိုမိုဖွံ့ဖြိုး တိုးတက်ရန် တည်ဆောက်ရေး"ဆိုသည့် ဦးတည်ချက် ချမှတ်ခဲ့ပါသည်။ ၎င်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၁၉၈၈)နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ(၁၉၉၄)တို့ကို ပြဋ္ဌာန်းခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံမှုတိုးမြင့်စေရေးအတွက် နိုင်ငံတော်အစိုးရသည် အဘက်ဘက်မှ အားပေး ဆောင်ရွက်လျက်ရှိပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ တရားဝင် ဖွံ့ဖြိုးတိုးတက်မှုအကူအညီ ရရှိမှုနှင့် ဘဏ်ချေးငွေရှိမှုတို့ လျော့နည်းလာခဲ့သော်လည်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများနှင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ခဲ့သဖြင့် နိုင်ငံခြားငွေ အရ-အသုံးစာရင်းတွင် အခြေအနေကောင်းများ ဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူများစွာ ဖြစ်စေခဲ့ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုနိုင်ငံထူထောင်ရေးအတွက် ဈေးကွက်စီးပွားရေး စနစ်သည် အခြေခံအုတ်မြစ် တစ်ရပ်ဖြစ်သဖြင့် ၁၉၈၈ ခုနှစ်မှ စတင်ကျင့်သုံးခဲ့သည့် ဈေးကွက် စီးပွားရေးစနစ် ပိုမိုပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ၂၀၁၁ခုနှစ်တွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းကို စတင် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁-၄-၂၀၁၁ နေ့တွင် နိုင်ငံတော်အစိုးရသစ်မှ တာဝန်ယူပြီးနောက် မြန်မာနိုင်ငံတော်၏ တည်ဆဲ ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ ကြီးကြပ် ဆောင်ရွက် နိုင်ရန်၊ ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရန်နှင့် အားပေးထောက်ကူပြုရန်၊ ပြည်ထောင်စု အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြနိုင်ရန်တို့အတွက် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင်(၁၅)ဦးပါဝင်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို နိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများ ပိုမိုတိုးမြင့်စေရေးနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုမြန်ဆန်စေရေး တို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည် (၁၈-၅-၂၀၁၁)နေ့မှစ၍ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်း ကိစ္စရပ်များကို လျင်မြန်ချောမွေ့စေရန်အတွက် နေ့ချင်းပြီး ဆောင်ရွက်သည့်စနစ် (One Stop Service)ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဒေသတွင်းစီးပွားရေးပေါင်းစည်းရေး (regional integration) တွင် ပိုမိုထိရောက်စွာ ပါဝင်လာနိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ ပို့ကုန်တိုးမြှင့်ရန် လိုအပ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် လာစေရန်လိုအပ်ပါသည်။

၃။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ

နိုင်ငံတော်၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကုန်သွယ်မှု တိုးမြှင့်ရန်အတွက် ရည်ရွယ်၍ ပြဌာန်းခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၏ အဓိက ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လုပ်ကိုင်ခွင့် ပြုရာတွင် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သည့် မူဘောင် အပေါ် အခြေခံရန်၊

(ခ) အထူးစီးပွားရေးဇုန်များ တည်ထောင် လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) နိုင်ငံတော်တွင် စက်မှုနှင့် အဆင့်မြင့် နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ဃ) ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း များ တိုးမြှင့်လာစေရန်၊

(င) အဆင့်မြင့်နည်းပညာများကို နိုင်ငံသားများက လေ့ကျင့်သင်ယူလွှဲပြောင်း ရယူနိုင် စေရန်၊

(စ) နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ဖြစ်ထွန်းလာ စေရန်၊

(ဆ) နိုင်ငံတော်၏ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်လာစေရန်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပြဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့် အရေးများ အနက် အဓိကကျသည့် အထူးအခွင့် အရေး များမှာ-

(၁) ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်အတွင်း တည်ထောင်ထားသော ပို့ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများအတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာများနှင့် လုပ်ငန်းသုံး ပစ္စည်းများကို အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်ဖြင့် ပြည်ပမှ တင်သွင်းခွင့်၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်အသုံးပြုမည့် ယာဉ်ယန္တရားများ၊ မော်တော် ယာဉ်များကို လုပ်ငန်း စတင်သည့် နှစ်မှ ငါးနှစ်အတွင်း အကောက်ခွန်နှင့် အခြား အခွန်အခများ ကင်းလွတ်ခွင့်ဖြင့် လည်း ကောင်း၊ တစ်ဆက်တည်း နောက်ထပ်ငါးနှစ်အထိ အကောက်ခွန်နှင့် အခြားအခွန်အခများ၏ ၅၀ % သက်သာခွင့်ဖြင့်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ ပြည်ပမှတင်သွင်း ခွင့်၊

(၃) အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်မှအပ အခြားဇုန်များတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ပြည်တွင်းပြည်ပမှ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အခွန် အခများ ကင်းလွတ် ခွင့် နှင့် သက်သာခွင့်များ ကို တည်ဆဲဥပဒေနှင့်အညီ ခံစားခွင့်၊

(ခ) အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းလုပ်ကိုင်သည့် ရင်းနှီး မြှုပ်နှံသူသည် အောက်ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို လျှောက်ထားနိုင်ပါတယ်-

(၁) ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စတင်သည့်နေ့မှ ပထမ ငါးနှစ်အတွက် ပြည်ပရောင်းရငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(၂) ဒုတိယငါးနှစ်အတွက် ပြည်ပရောင်းရငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ % သက်သာခွင့်၊

(၃) တတိယငါးနှစ်အတွက် ပြည်ပတင်ပို့ ရောင်းချခြင်းမှရရှိသည့် မြတ်စွန်းငွေ ကို ပြန်လည် ရင်းနှီးမြှုပ်နှံပါက ထိုရင်းနှီးမြှုပ်နှံသည့် မြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ % သက်သာ ခွင့်၊

(၄) အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သည့် ကုန်ပစ်စည်း ထုတ်လုပ်မှု လုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ကာလကုန်ဆုံး ပြီးနောက် ပို့ကုန် ပစ်စည်းတန်ဖိုးသည် ထုတ်လုပ်သည့် ပစ်စည်းတန်ဖိုး စုစုပေါင်းထက် အကြီးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၅၀% ထက် ကျော်လွန်လျှင် လည်းကောင်း၊ အလတ်စား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ၆၀ % ထက် ကျော်လွန်လျှင် လည်းကောင်း၊ အသေးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၇၀% ထက် ကျော်လွန်လျှင်လည်းကောင်း ထိုနှစ်အတွက် ဝင်ငွခွေန်သက်သာခွင့်၊

(၅) ပြည်တွင်းမှရရှိသော အခွန်ထမ်းဆောင်ပြီးသည့် အမြတ်အပေါ် ခွဲဝေပေးသည့် အစုရှယ်ယာဝင် တစ်ဦးချင်း၏ အမြတ်ဝေစုများအတွက် ဝင်ငွခွေန် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်၊

(၆) အထူးစီးပွားရေးဇုန်တွင် ဝန်ဆောင်မှုလုပ်ငန်းများသည် လုပ်ငန်း ဆောင် ရွက်မှု စတင်သည့်နှစ်မှ သတ်မှတ်ကာလအထိ ကုန်သွယ် လုပ်ငန်းခွန်ကို သတ်မှတ်သည့် အတိုင်း လျှော့ပေါ့ သက်သာခွင့်၊

(၇) အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သည့် ပို့ကုန်ပစ်စည်းများ နှင့်စပ်လျဉ်း၍ ကုန်သွယ် လုပ်ငန်းခွန် သို့မဟုတ် တန်ဖိုးထပ်ဖြည့်ခွန် ကင်းလွတ်ခွင့်၊

(ဂ) မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်

မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ အထူးစီးပွားရေးဇုန်တွင် အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် မြေငှားရမ်းခသို့မဟုတ် မြေအသုံးပြုခ ပေးသွင်းစေပြီး ရင်းနှီး တည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခွင့် သို့မဟုတ် မြေ အသုံးပြုခွင့်ကို အနည်းဆုံးနှစ် ၃၀ ခွင့်ပြုပါသည်။ သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက် လုပ်ကိုင်လိုပါက အကြီးစား ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းအတွက် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၃၀နှစ်နှင့် ထပ်မံ သက်တမ်းတိုးခွင့် ၁၅ နှစ်ကို လည်းကောင်း၊ အလတ်စားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၅နှစ်နှင့် ထပ်မံသက်တမ်းတိုးခွင့် ၁၅ နှစ်ကိုလည်းကောင်း၊ အသေးစား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအတွက် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၅နှစ်နှင့် ထပ်မံ သက်တမ်းတိုးခွင့် ၅ နှစ်ခွင့်ပြုထားပါသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် မြေကို နိုင်ငံတော်မှ နှစ်ရှည်ငှားရမ်း ခွင့်ရှိပါသည်။ အစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာ ၃/၉၀ အရ မြေငှါးရမ်းခ နှုန်းထားများကို အခြေခံ၍ ငှါးရမ်း ဆောင်ရွက်ခွင်ု့ ပြုထားပါသည်။ ယခုအခါ မြေ အသုံးပြုခွင့်/မြေငှားရမ်းခွင့် ပိုမို အဆင်ပြေစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းဖို့ ဆောင်ရွက ်နေပါသည်။ မြေဌှားခနှုန်းထားများသည် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်း တည်နေရာတို့ကို မူတည်၍ ပြည်နယ်နှင့် တိုင်း ဒေသကြီး အသီးသီးတွင် မြေငှားရမ်းသုံးစွဲခွင့် အတွက် သတ်မှတ်ထားသည့် မြေငှါးရမ်းခနှုန်းထားများသည် ကွဲပြားခြားနားပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

(က) မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား

မြန်မာနိုင်ငံသည်ဧရိယာအားဖြင့် ၂၆၁,၂၂၈စတုရန်းမိုင် ကျယ်ဝန်း ပြီး ကမ္ဘာတွင် လူဦးရေ အများဆုံးနိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြားတွင် တည်ရှိ ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ဘင်္ဂလား ဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း နိုင်ငံတို့၏ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံလည်း ဖြစ်ပြီး အဆိုပါ နိုင်ငံများနှင့် ၃၆၄၀ စတုရန်းမိုင်ခန့် နယ်နမိတ်ချင်း ထိစပ်လျက် ရှိပါ သည်။ ၎င်းအပြင် ၁၇၆၀ မိုင် ရှည်လျားသည့် ကမ်းရိုးတန်းလည်း ရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၅၉.၁၃ သန်း ရှိပါသည်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပစ္စည်းများ၊ စိုက်ပျိုးနိုင်သော မြေရိုင်း၊ သစ်တော၊ သတ္တုတွင်းထွက်ပစ္စည်းများနှင့် လူစွမ်းအား အရင်းအမြစ်များ ရှိသော အေးချမ်း သာယာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်နိုင်သောလုပ်ငန်းများ

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ ဥပဒေအရ သတ်မှတ်ထားသော လုပ်ငန်းများမှအပ အခြား မည်သည့် စီးပွားရေး လုပ်ငန်းကိုမဆို ရင်းနှီးမြှုပ်နှံ ခွင့်ရှိပါသည်။ နိုင်ငံတော်အတွက် အကျိုးရှိသော လုပ်ငန်းဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုပေးနိုင်ပါသည်။

(ဂ) ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်များ

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှ သတ်မှတ်ထားသော ပုံစံတွင် အောက်ပါ အချက်အလက်များ ဖြည့်စွက် တင်ပြရမည်ဖြစ်ပါသည်-

(၁) လုပ်ငန်း၏ဘဏ္ဍာရေးအခြေအနေခိုင်မာကြောင်းအထောက်အထား၊ဥပမာ-စာရင်းစစ် အဖွဲ့ အစီရင်ခံစာ

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုသူ၏ ငွေကြေးပိုင်ဆိုင်မှုနှင့်ဆိုင်ရာ ဘဏ် အထောက် အထား ၊

(၃) အဆိုပြုလုပ်ငန်း၏ စီးပွားရေး တွက်ခြေကိုက်မှု အခြေအနေ၊

(၄) ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှု အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စာချုပ် (မူကြမ်း) ပူးတွဲ တင်ပြရန်၊

(၅) ဖက်စပ်ဆောင်ရွက်ပါကဖက်စပ်သဘောတူစာချုပ်(မူကြမ်း)ကို ပူးတွဲ တင်ပြရန်၊

(၆) လိုအပ်ပါကမြေငှားစာချုပ် (မူကြမ်း)ကို ပူးတွဲတင်ပြရန်၊

(၇) လီမိတက်ကုမ္ပဏီဖြစ်ပါကသင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း(မူကြမ်း) ပူးတွဲ တင်ပြရန်၊

(၈) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၂၁ ပါ အခွန် ကင်းလွတ် ခွင့်နှင့် သက်သာခွင့်များကို လျှောက်လွှာတွင်ဖော်ပြရန်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်မှု

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာစေရန် ရည်ရွယ်၍ ရင်းနှီး မြှုပ်နှံမှု ဆိုင်ရာ ဆွဲဆောင်မှုနှင့် အာမခံချက်ကို ပေးထားပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် လုပ်ငန်းကို တရားဝင်စီးပွားဖြစ် စတင်ဆောင်ရွက်သည်မှ (၃)နှစ်အထိ ဆက်တိုက် အခွန် ကင်းလွတ်ခွင့် ပေးထားပါသည်။ ထို့အပြင် အောက်ဖော်ပြပါ ကင်းလွတ်ခွင့်နှင့် သက်သာ ခွင့်များကို တင်ပြ လျှောက်ထားခွင့် ရှိပါသည်-

(၁) ယင်းလုပ်ငန်းတွင် (၁)နှစ်အတွင်း ပြန်လည်ရင်းနှီးလျှင် ယင်းအမြတ်ငွေ ပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့) သက်သာ ခွင့်၊

(၂) ကော်မရှင်ခွင့်ပြုချက်ဖြင့် ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို သတ်မှတ်နှုန်းထား အတိုင်း နှစ်တိုတိုဖြင့် မူလတန်ဘိုး ပြည့်မီအောင် အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(၃) နိုင်ငံခြားတင်ပို့မှုမှရရှိသော အမြတ်ငွေပေါ်တွင် ၅၀% ဝင်ငွေခွန် သက်သာခွင့်၊

(၄) နိုင်ငံခြားသား၏ကိုယ်စား ဝင်ငွေခွန်ပေးဆောင်ခွင့်၊ ယင်းပေးဆောင်သည့် ဝင်ငွေခွန်ကို အခွန်စည်းကြပ် ထိုက်သော ဝင်ငွေမှ နုတ်ပယ်ခွင့်၊

(၅) နိုင်ငံခြားသားဝင်ငွေအပေါ်ပြည်တွင်းနေနိုင်ငံသားများ ပေးဆောင် သည့် ဝင်ငွေခွန် နှုန်းထားအတိုင်းပေးဆောင်ခွင့်၊

(၆) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ် ထိုက်သည့် ငွေမှ နုတ်ပယ်ခွင့်၊

(၇) အရှုံးငွေကို ယင်းအရှုံး ပေါ်ပေါက်သည့်နှစ်မှစ၍ တဆက်တည်း (၃)နှစ် ကာလထိ ခုနှိမ်ခွင့်၊

(၈) တည်ဆောက်မှု ကာလအတွင်း တင်သွင်းသောစက်ပစ္စည်း၊ စက်ကိရိယာ အသုံး အဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းနှင့် စက် အရံ ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား

ပြည်တွင်းအခွန် အကောက်များဖြစ်စေ၊ နှစ်မျိုးစလုံးကို ဖြစ်စေ ကင်းလွတ်ခွင့်(သို့) သက်သာခွင့်၊

(ဇ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမ(၃)နှစ်အတွက် ကုန်ထုတ် လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက် ခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန် အကောက်များ ဖြစ်စေ၊ နှစ်မျိုးစလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် (သို့) သက်သာခွင့်၊

(င) အာမခံချက်များ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အစိုးရသည် ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်းအား ပဋိညာဉ်စာချုပ်ပါသက်တမ်း(သို့) ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်း မပြုဟု အာမခံထားပါသည်။ ထို့အပြင် အခွန်ပေးဆောင်ပြီး အမြတ်ငွေ ကိုလည်း မူလယူဆောင်လာခဲ့သော နိုင်ငံခြားငွေ အမျိုးအစား အတိုင်း နိုင်ငံခြားသို့ လွှဲပြောင်း ပေးပို့ရန် အာမခံထားပါသည်။

မြန်မာ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေတို့ အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုထားသည် သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်း မပြုဟု အာမခံ ထားပါတယ်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားငွေကို အထူး စီးပွားရေးဇုန်အတွင်း သို့မဟုတ် ပြည်ပသို့ လွှဲပြောင်း လဲလှယ်နိုင်ခွင့် ရှိကြောင်းလည်း အာမခံထားပါတယ်။

၅။ ရင်းနှီးမြှုပ်နှံနိုင်သည့် စီးပွားရေးကဏ္ဍများ

(က) လယ်ယာကဏ္ဍ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပါသည်။ မြေ အရင်း အမြစ်များများစွာ ရှိပြီး ဆည်မြောင်း တာတမံများကို တိုးချဲ့ တည်ဆောက်လျှက် ရှိရာ အမျိုးမျိုး သော သီးထပ်သီးညှပ်များ၊ နှစ်ရှည် သီးနှံပင်များကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ် ကာ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အဖြစ်လည်းကောင်း၊ ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဖက်စပ်၍လည်းကောင်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (Product Sharing Basis)ဖြင့် ဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိပါသည်။

မလေးရှားနိုင်ငံနှင့် ဖက်စပ်ဆောင်ရွက်နေသည့် Myanmar Royal Prestige Plantation Co., Ltd. နှင့် Myanmar Stark Presitge Plantation Co., Ltd. တို့အား ဆီအုန်းစိုက်ပျိုးခြင်းနှင့် စားအုံးဆီထုတ်လုပ်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန် ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်း(၄၀)နှင့် အမေရိကန်ဒေါ်လာ (၃၆.၇၅)သန်း တို့ဖြင့် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခွင့်ပြုခဲ့ပါသည်။

(ခ) သားငါးကဏ္ဍ

မြန်မာနိုင်ငံတွင် ၂၂၉,၁၀၀ ကီလိုမီတာ (၁၇၆၀ မိုင်) ရှည်လျားသော ကမ်းရိုးတန်း ရှိပြီး သီးသန့်စီးပွားရေးဇုံ ၄၈,၆၀၀ စတုရန်းကီလိုမီတာ အပါအဝင် ကမ်းရိုးတန်းအရှည် ၂၈၃၂ ကီလိုမီတာ ရှိပါသည်။ မြန်မာ့ ငါးဖမ်းရေပြင်မှာ ငါးဖမ်းနိုင်မှု နည်းပါးလျက်ပင် ရှိပါသည်။ မြန်မာနိုင်ငံတွင် ရေချိုငါးနှင့်ရေငန်ငါးဟူ၍ အမျိုးအစား (၂)မျိုး ဖမ်းယူနိုင် ပါသည်။ မြစ်၊ ချောင်း၊ အင်အိုင်ပေါများခြင်းနှင့် မိုးရွာသွန်းမှုကောင်းခြင်းတို့ကြောင့် ရေချိုငါးများ ရရှိနိုင်သကဲ့သို့ မွေးမြူရေးကန်များတူးဖော်ကာ ရေချိုငါးများ မွေးမြူနိုင် ပါသည်။ မြန်မာနိုင်ငံတွင် သားငါးကဏ္ဍတိုးမြှင့်ရေးအတွက် အလားအလာကောင်းများ မြင့်မားစွာ တည်ရှိနေပါသည်။ ထို့ကြောင့် သားငါးကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍ တစ်ခု ဖြစ်သည်ဟု ပြောနိုင်ပါသည်။

ထို့အပြင် မွေးမြူရေးနှင့်ရေလုပ်ငန်းတွင် တိရစ္ဆာန်ကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်း၊ ကုသဆေးထုတ်လုပ်မှုလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းနှင့် သားသတ်ရုံလုပ်ငန်း (ဝန်ဆောင်မှု)၊ ငါးစည်သွပ်(ငါးသေတ္တာ)လုပ်ငန်း၊ စည်သွပ်ဘူးခွံ ထုတ်လုပ်မှု လုပ်ငန်း၊ ကင်းမွန်အစာသွပ် (Value Added Product) လုပ်ငန်း၊ ပြည်တွင်းတွင် မရရှိနိုင်သော ရေထွက်ပစ္စည်းများကို CMP စနစ်ဖြင့် Contract Processing ပြုလုပ်ခြင်း (ဥပမာ- Tuna, Hake, Flat head, Argentina Hubsi etc.) တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပါသည်။

ကြက်၊ ဝက်၊ ခွေး၊ ကြောင် စသည့်တိရစ္ဆာန်ကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းနှင့် ကုသဆေးထုတ်လုပ်မှုလုပ်ငန်းတို့တွင် လိုအပ်ချက်အပေါ် ပြည်တွင်း ထုတ်လုပ်နိုင်မှုမှာ ၁၀% သာဖြစ်ပါသဖြင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိရာ အဆိုပါ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် အမျိုးသားဆေးဝါးဥပဒေ (၁၉၉၂) အရ ဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ပါသည်။

နို့နှင့်နို့ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းတွင် နို့မှုန့်ထုတ်လုပ်သည့် လုပ်ငန်းနှင့် နို့စိမ်းထုတ်လုပ်သည့် လုပ်ငန်းတို့တွင် လိုအပ်ချက်အပေါ် ပြည်တွင်း ထုတ်လုပ်နိုင်မှုမှာ ၁ % နှင့် ၂ % အသီးသီးသာ ရှိသဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နိုင်သည့် အခွင့်အလမ်းများ ရှိပါသည်။ ထို့အပြင် မန္တလေးတိုင်း ဒေသကြီး တွင် Ultra Heat Treated (UHT) Milk Processing Plant တွင် ရင်းနှီး မြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိပါသည်။

သားသတ်ရုံလုပ်ငန်းတွင် လိုအပ်ချက်အပေါ် ပြည်တွင်းတွင် ရာနှုန်းပြည့် ထုတ်လုပ်နိုင်သော်လည်း ပြည်ပသို့ အသားပို့ကုန်တင်ပို့ရာတွင် အရည်အသွေးမြင့် ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် အသားထုတ်လုပ်ခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။

ရေထွက်ကုန်ပစ္စည်းများနှင့် ဆက်နွယ်သည့် လုပ်ငန်းများဖြစ်သည့် ငါး စည်သွပ်လုပ်ငန်း(ငါးသေတ္တာ)လုပ်ငန်းတွင် ပြည်တွင်းလိုအပ်ချက်အပေါ် ဖြည့်တင်း ထုတ်လုပ် နိုင်မှုမှာ အလွန်နည်း ပါသဖြင့် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ လာရောက် ရင်းနှီး မြှုပ်နှံနိုင်ပါသည်။

Myanmar MSC Co., Ltd. သည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ၊ ကျောက်ပြာ ကျေးရွာတွင် ပင်လယ်ရေမော်ထုတ်လုပ်ခြင်းနှင့် အခြောက်ခံခြင်းလုပ်ငန်း တို့ကို ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၂) သန်းဖြင့် ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်၊ ဧပြီလတွင် ခွင့်ပြုခဲ့ ပါသည်။ ၁၄-၁၁-၂၀၁၀နေ့တွင် စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ပြီး ထွက်ကုန်များကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တို့တွင် ပြည်ပသို့ ရာနှုန်းပြည့် တင်ပို့ ရောင်းချခဲ့ ပါသည်။

(ဂ) သစ်တောကဏ္ဍ

သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာနှင့်သစ်ပွများကို အခြေခံ၍ တန်ဖိုးမြင့် သစ်သားထည်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ပြီး နိုင်ငံခြားသို့လည်း စီးပွားဖြစ်ထုတ်လုပ် တင်ပို့ရန်လည်း ဆောင်ရွက်နိုင်ပါတယ်။ ပြည်တွင်း/ပြည်ပမှ လုပ်ငန်းရှင်များအနေဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်းများနှင့် တန်ဖိုးမြင့်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ကြပါသည်။

(၁) မြန်မာ့သစ်လုပ်ငန်းနှင့် ပူးပေါင်းပြီး B.O.Tစနစ်ဖြင့် ၁၀၀ ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံမှု နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များမှ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်း၊

သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းသည် သစ်အခြေခံလုပ်ငန်းများတွင် ပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ကြမ်းခင်းတုံးများနှင့် ပုံဖော်သစ်များ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် အခြားတန်ဖိုးမြင့်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းမျိုးများကို ဦးစားပေး ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။ သစ်အချောထည်များ (Finished Goods)များ ကြိမ်၊ ဝါးနှင့် ပရိဘောဂများ၊ ကုန်ချောထည်များ ထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ကျွန်းနှင့်သစ်မာသစ်လုံး တစ်တန် ထုတ်ယူအသုံးပြုတိုင်း သစ်တောပြန်လည် ပြုစုရန်အတွက် သစ်တောဦးစီးဌာနသို့ အမေရိကန်ဒေါ်လာ(၈)ဒေါ်လာနှင့် အမေရိကန်ဒေါ်လာ (၅)ဒေါ်လာ ပေးဆောင်ရပါမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် စီမံကိန်းကာလ ပြီးဆုံးသောအခါ B.O.T (Build, Operate and Transfer) စနစ်ဖြင့် စက်ရုံနှင့် အဆောက်အဦပစ္စည်းများကို အကောင်း ပကတိ အတိုင်း အဖိုးစားနားမပါရှိဘဲ မြန်မာ့ သစ်လုပ်ငန်း သို့ လွှဲပြောင်းပေးရပါမည်။

(ဃ) သတ္တုကဏ္ဍ

မြန်မာနိုင်ငံသည် ကြေးနီ၊ ရွှေ၊ ခဲ၊ သွပ်၊ ငွေ၊ အဖြိုက်နက်၊ အင်တီမိုနီ၊ ခရိုမီယမ်နှင့် နီကယ် စသည့် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ ပေါကြွယ်လှပါသည်။ အာရှနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ ပစ္စည်းများ၏ အရည်အသွေးနှင့် အဆင့်

အတန်းမှာ မြင့်မားလှပါသည်။ သတ္တုတွင်းဝန်ကြီးဌာန၏ အဓိက ရည်ရွယ် ချက်များ ဖြစ်သော လက်ရှိ သတ္တုကဏ္ဍ ထုတ်လုပ်မှု လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်စေရေး၊ ပြည်တွင်းသတ္တုကဏ္ဍ လိုအပ်ချက်များကို ဖူလုံအောင် ဖြည့်ဆည်းနိုင်ရေးနှင့် တစ်ချိန်တည်းမှာပင် သတ္တုနှင့် သတ္တုထွက်ပစ္စည်းများ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင် အထူးအစီအစဉ်များဖြင့် နှစ်စဉ်ကျင်းပပြီး ရောင်းချ ပေးလျက်ရှိ ပါသည်။

သတ္တုကဏ္ဍတွင် ဓာတ်သတ္တု စမ်းသပ်တိုင်းတာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း၊ ပုလဲ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ မှတ်ခွံထုတ်လုပ်ခြင်း လုပ်ငန်းတို့တွင် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများသည် လုပ်ငန်းဆောင်ရွက်နိုင််ပါသည်။ ဓာတ်သတ္တု စမ်းသပ် တိုင်းတာ တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံသားနှင့် နိုင်ငံခြားသား ပူးပေါင်း၍ ဆောင်ရွက် နိုင်ပါသည်။ ပုလဲမွေးမြူထုတ်လုပ်ခြင်း၊ မှတ်ခွံထုတ်လုပ်ခြင်း လုပ်ငန်းတို့ကို တနင်္သာရီတိုင်း ဒေသကြီးရှိ မြိတ်ကျွန်းစုတွင် ဆောင်ရွက်နိုင်ပါသည်။

ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများကိုသာ ခွင့်ပြု ပေးလျက် ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းကို ထိုင်းနိုင်ငံ VES Co., Ltd. နှင််း မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းကို ဖက်စပ်လုပ်ငန်းအသွင်ဖြင့် လုပ်ငန်း ဆောင်ရွက်လျက် ရှိပါသည်။

(င) စွမ်းအင်ကဏ္ဍ

၁၉၈၈ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒ ပြဋ္ဌာန်းပြီးချိန်မှစ၍ စွမ်းအင် ဝန်ကြီး ဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြည်ပရေနံကုမ္ပဏီကြီးများ ပူးပေါင်း၍ ကမ်းလွန် လုပ်ကွက်များနှင့် ကုန်ပိုင်းလုပ်ကွက်များ၌ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာေဖွတူးဖော် ထုတ်လုပ ်ခြင်း လုပ်ငန်းကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစနစ်ဖြင့် စာချုပ်ချုပ်ဆို လုပ်ကိုင် ခွင့်ပြု လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ် နေသည့် အဓိကနေရာ(၃)နေရာ ရှိပါသည်။ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-5နှင့် M-6 ရှိ ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံ သို့ ၁၉၉၈ ခုနှစ် ကတည်းက တင်ပို့ရောင်းချခဲ့ပါသည်။ တနင်္သာရီကမ်းလွန် လုပ်ကွက် အမှတ်M-12၊ M-13နှင့် M-14ရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ် ငွေ့များကို ထိုင်းနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ် ကတည်းက တင်ပို့ရောင်းချခဲ့ပါသည်။ ရဲတံခွန် သဘာဝဓာတ်ငွေ့မှ ဓာတ်ငွေ့ရည်များ အပြင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်လျက် ရှိရာ သဘာဝဓာတ်ငွေ့ရည်များကို ပြည်တွင်းတွင် အသုံးပြုလျက် ရှိပါသည်။

မကြာသေးမီက ရခိုင်ကမ်းလွန်ဒေသ၊ ရွှေလုပ်ကွက် A-1 တွင် သဘာဝ ဓာတ်ငွေ့ များကို Daewoo International Corporation မှ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဟောင် ကောင်မှ South East Asia Gas Pipeline Co., Ltd. သည် ကျောက်ဖြူမှ မြန်မာ-တရုတ်နယ်စပ်သို့ သဘာဝဓာတ်ငွေ့

သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၂,၁၄၆)သန်းနှင့် ရေနံစိမ်းပိုက်လိုင်း သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၂၅၁.၇၀)သန်းတို့ဖြင့် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

(စ) လျှပ်စစ်ကဏ္ဍ

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု အလားအလာကောင်းများ ရှိပါသည်။ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်နှင့် ချင်းတွင်းမြစ်တို့မှ အနည်းဆုံး ၄၃,၆၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ယခုအချိန်ထိ ရေအားလျှပ်စစ်ဓာတ်အား ၇၃၂.၈၅ မဂ္ဂါဝပ် ခန့်သာလျှင် ထုတ်လုပ်နိုင်ပါသည်။ ရေအားလျှပ်စစ် ထုတ်လုပ်မှုနှင့် စပ်လျဉ်းပြီး ဖြစ်မြောက်နိုင်စွမ်း ရှိမရှိကို ဆောင်ရွက်နေသကဲ့သို့ အသေးစိတ် လေ့လာမှုကိုမူ ရန်ပုံငွေ ရရှိနိုင်မှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် လျှပ်စစ် ဓာတ်အားသုံးစွဲမှု ပမာဏမှာ နေ့စဉ် တိုးမြင့်နေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအား ရေအားလျှပ်စစ် ထုတ်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြုရန် အားပေးလျက်ရှိရာ လက်ရှိတွင် ပြည်ပ ကုမ္ပဏီ(၄)ခုတို့မှ ၆,၈၄၀ မဂ္ဂါဝပ်နှင့် ပြည်တွင်းကုမ္ပဏီ (၆)ခု တို့မှ ၇,၁၅၇.၄ မဂ္ဂါဝပ် တို့ဖြင့် ရေအား လျှပ်စစ် ထုတ်လုပ်ရန် ခွင့်ပြုထားပါသည်။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် စီးပွားရေးဆောင်ရွက်နိုင်သည့် အဓိက နယ်ပယ်(၃)ရပ် ရှိပါသည်။ ယင်းတို့မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းတို့ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအတွက် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာနသည် ပြည်တွင်းကုမ္ပဏီများနှင့် B.O.T စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ ရှိသကဲ့သို့ ပြည်ပကုမ္ပဏီများနှင့်လည်း J.V စနစ်နှင့် B.O.Tစနစ်တို့ဖြင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းတို့တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသော်လည်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အတွက် လိုအပ်သည့် ပစ္စည်းများကို ပြည်တွင်းနှင့်နိုင်ငံခြားကုမ္ပဏီများသည် ပစ္စည်းတင်သွင်းရေး တင်ဒါများ တင်သွင်းခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတွင် မှတ်ပုံတင် စာရင်းသွင်း၍ လျှောက်ထား နိုင်ပါသည်။ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မှတ်ပုံတင်စာရင်း သွင်းထား သော ကုမ္ပဏီများကို တင်ဒါ ဖိတ်ခေါ်၍ open tender စနစ်ဖြင့် ရွေးချယ်လေ့ ရှိပါသည်။

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ

ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံနိုင်သကဲ့သို့ ပြည်တွင်းရှိ ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ်၍လည်းကောင်း BOT စနစ်ဖြင့် လုပ်ကိုင် ဆောင်ရွက် နိုင်ပါသည်။

ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများသည် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံနိုင်ပြီး၊ ဖက်စပ်လုပ်ငန်းအဖြစ် ဆောင်ရွက်မည် ဆိုပါက ပြည်တွင်းပါဝင်မှု အချိုးအစားသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်း ရှိရမည် ဖြစ်ပါသည်။ ဟိုတယ်လုပ်ငန်းများကို ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ အင်းလေး အပါအဝင် ခရီးစဉ်ဒေသများအားလုံးတွင် ဆောင်ရွက်နိုင်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ခရီးသွားလုပ်ငန်းများအတွက်မူ နယ်မြေဒေသ ကန့်သတ်ချက်မထားရှိသော်လည်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုမ္ပဏီတည်ထောင်၍ လုပ်ကိုင်ရမည် ဖြစ်ပါသည်။

(ဇ) စက်မှုလက်မှုကဏ္ဍ

မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းသည် လောလောဆယ် အခြေအနေတွင် များစွာတိုးတက်မှု မရှိသေးပါ။ မြန်မာနိုင်ငံအနေဖြင့် ဤကဏ္ဍကို အခြေခံ ကဏ္ဍများ ဖြစ်သောလယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍများနှင့် အတူ ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်လင့်ထားပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ အလုပ်သမား အများစု အသုံးပြုရသည့် စက်ရုံများဖြစ်သည့် ချည်မျှင်နှင့် အထည်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းတို့တွင် ဆောင်ရွက်ရန် အားပေးလျက်ရှိပါသည်။

ထို့အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းထွက်ကုန်ကွန်ယက် ဆက်နွယ်မှုအတွက် အလားအလာကောင်း များစွာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ချည်ထည်ထုတ်လုပ်မှုနှင့် စက်ဘီး၊ အပ်ချုပ်စက်၊ ထီး၊ ဖိနပ်၊ စတီးလ်အိမ်သုံး ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများသည့် အိမ်သုံးပစ္စည်းထုတ်လုပ်မှု၊ စက္ကူထုတ်လုပ်မှု တို့တွင် လိုအပ်ချက်အပေါ် ပြည်တွင်းထုတ်လုပ်နိုင်မှုမှာ နည်းပါးသဖြင့် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများလိုအပ်လျက်ရှိပါသည်။

(ဈ) **စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ**

စက်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိက ကျသည့် ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရသည် စက်မှုဇုန် တည်ဆောက်ရေး ကဏ္ဍတွင် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်မြှုပ်နှံမှုများ တိုးတက်လာစေရန် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ တဝှမ်းတွင် ယနေ့အထိ စက်မှုဇုံ(၁၈)ခုကိုဖော်ထုတ်ခဲ့ပြီး ဖြစ်ပါသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လက်ရှိတွင် စင်ကာပူ နိုင်ငံမှ Kepventure Ptd. Ltd. သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Mingaladon Industrial Park Co., Ltd. အမည်ဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီစက်မှုဇုန်ကို တည်ထောင်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ထောင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် စက်မှုဇုန်များ ယခုထက် ပိုမိုပေါ်ထွန်းလာစေရန် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်ကြပါ က နိုင်ငံတော်အတွက်သာမက ပုဂ္ဂလိက ကဏ္ဍ၃ အတွက်လည်း အကျိုး ဖြစ်ထွန်း စေမည် ဖြစ်ပါသည်။

၆။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်မည့် လုပ်ငန်းသည် မြန်မာနိုင်ငံသားများသာ ရာနှုန်းပြည့်ပိုင်ဆိုင်လုပ်ကိုင်သည့် လုပ်ငန်းဖြစ်ရပါမည်။ အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့် မတည်ငွေရင်း သတ်မှတ်ချက်မှာ ကျပ် (၁၀) သန်း ဖြစ်ပါသည်။

(က) **လုပ်ကိုင်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ အမှတ် ၃/၉၄ အရ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်း အမျိုး အစားများကို ကဏ္ဍ(၉)ခုတွင် လုပ်ကိုင်ခွင့်ပြုထားပါသည်။ ထို့အပြင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေအရ သတ်မှတ်ထားသောလုပ်ငန်းများမှအပ အခြား မည်သည့် စီးပွားရေး လုပ်ငန်းကိုမဆို ရင်းနှီးမြှုပ်နှံခွင့်ရှိပါသည်။ နိုင်ငံတော်အတွက် အကျိုးရှိသော လုပ်ငန်းဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုပေးနိုင်ပါသည်။

(ခ) **ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်များ**

ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှသတ်မှတ်ထားသော ပုံစံတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ဆောင်ရွက်မည့်လုပ်ငန်းသဘာဝ၊ စက်ပစ္စည်း တင်သွင်းရန် အစီအစဉ်၊ ထုတ်ကုန် ပစ္စည်း ဈေးကွက် အခြေအနေ၊ လုပ်ငန်း၏စီးပွားရေးတွက်ခြေအနေ၊ ငွေကြေးဆိုင်ရာ အထောက်အထားများ၊ ကုမ္ပဏီမှတ်ပုံတင်ဆိုင်ရာအချက်အလက်များ စသည်တို့ကို တင်ပြရမည်ဖြစ်ပါသည်။

(ဂ) **အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ**

အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ နှင့် စပ်လျဉ်း၍ ဥပဒေ ပုဒ်မ -၁၂ အရ၊ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း(၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ရမည်ဖြစ်ပြီး အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားနိုင်ရန်အတွက် ကော်မရှင်သို့ လျှောက်ထားရမည် ဖြစ်ပါသည်-

(၁) စီးပွားရေးလုပ်ငန်း တစ်ခုခု၏ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားငွေ ပါဝင်ပါကယင်းနိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့်၊

(၂) စီးပွားရေးလုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ်စည်းကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချခြင်းမှဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုမှဖြစ်စေ သတ်မှတ်သည့် နိုင်ငံခြားငွေ ရရှိလျှင် ထိုသို့ရရှိသည့်အမြတ်ငွေအပေါ်တွင် ကာလ အကန့် အသတ်ဖြင့် ၅၀ ရာခိုင်နှုန်း အထိ ဝင်ငွေခွန် သက်သာခွင့်၊

(၃) နိုင်ငံတော်အတွက် အကျိုး ဖြစ်ထွန်းသော စီးပွားရေး လုပ်ငန်းဖြစ်ပြီး ကုန်ထုတ်လုပ်မှုကြောင့်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းကြောင့်ဖြစ်စေ သတ်မှတ် သည့်နှုန်းအထိ ပြည်တွင်းပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့်၊

(၄) စီးပွားရေးလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်း၊ နိုင်ငံတော်အတွက် အဓိက လိုအပ်သည်ဟုသတ်မှတ်သည့် ကုန်ထုတ်လုပ်မှု လုပ်ငန်း (သို့) ဝန်ဆောင်မှုလုပ်ငန်း ဖြစ်ပြီးအကျိုးအမြတ် အနည်းငယ်ဖြင့် ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်း ဖြစ်ပါက ဝင်ငွေခွန်သက်သာခွင့်ကို သတ်မှတ်ချက်နှင့် အညီ သင့်လျော်သော ကာလ အထိ ခံစားခွင့်၊

(၅) နည်းပညာရပ်များကို အသုံးပြုပြီး အဆင့်မြင့် နည်းပညာရပ်များ ဖွံ့ဖြိုး တိုးတက် စေရန် ဆောင်ရွက်သော စီးပွားရေး လုပ်ငန်းဖြစ်ပါက ဝင်ငွေခွန် သက်သာခွင့်ကို သတ်မှတ်ချက်နှင့်အညီ သင့်လျော်သောကာလ အထိ ခံစားခွင့်၊

(၆) စီးပွားရေးလုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို ပြန်လည် ရင်းနှီးမြှုပ်နှံရန် သီးသန့် ရန်ပုံငွေထား၍ (၁)နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည် ရင်းနှီး မြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(၇) ဝင်ငွေခွန်စည်းကြပ်ရန် အလို့ငှာစက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည် ပစ်စည်းများ၏ ပစ်စည်းတန်ဖိုး လျှော့ငွေကို သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း နှစ်တိုတိုနှင့်မူလ တန်ဖိုး ပြည့်မီသည် အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်၊

(၈) သတ်မှတ်ထားသည့် ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌ မရရှိနိုင် သည့် အမှန်တကယ်အသုံးပြုရန်လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက် ပစ်စည်း၊ စက်အရန်ပစ်စည်း၊ စက်ကိရိယာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်း သုံး ပစ်စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်း အခွန်အကောက် များ ဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(၉) သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလ ကုန်ဆုံး၍ ပထမ(၃)နှစ် အတွက် ကုန်ထုတ်လုပ်ရန် ကော်မရှင်က တင်သွင်းခွင့်ပြုသည် ကုန်ကြမ်း များ၊ လုပ်ငန်းသုံးပစ်စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန် အကောက်များ ဖြစ်စေ၊ နှစ်မျိုး လုံးဖြစ်စေ ကင်းလွတ်ခွင့် (သို့) သက် သာခွင့်၊

(၁၀) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့် ပစ်စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်(သို့) သက်သာခွင့်၊

(၁၁) ကော်မရှင်ကသတ်မှတ်သည့် ဖေးလံခေါင်းပါးဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုသော စီးပွားရေးလုပ်ငန်း ဖြစ်ပါက ဝင်ငွေခွန် သက်သာခွင့်ကို သတ်မှတ်ချက်နှင့် အညီ သင့်လျော်သော ကာလအထိ ခံစားခွင့်၊

၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ခုနှစ် ပြဋ္ဌာန်းပြီးချိန်မှစ၍ ၂၀၁၁ ခုနှစ်၊ ဇူလိုင် လကုန် အထိ နိုင်ငံပေါင်း(၃၁) နိုင်ငံမှ လုပ်ငန်းစုစုပေါင်း (၄၅၄)ခု ရင်းနှီးမြှုပ်နှံလျှက်ရှိရာ အမေရိကန် ဒေါ်လာ သန်းပေါင်း (၃၆,၀၇၁.၈၈၈) ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ(၁၂)ခုတွင် လျှပ်စစ်ကဏ္ဍမှ ၄၀.၂၈%၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍမှ ၃၈.၃%၊ သတ္တုကဏ္ဍ မှ ၇.၇၅% တို့ဖြင့် ဦးဆောင်လျှက် ရှိပါသည်။ နိုင်ငံအနေဖြင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၆.၆၂% ဖြင့် ပထမ၊ ထိုင်းနိုင်ငံသည် ၂၆.၅၃%ဖြင့် ဒုတိယ၊ ဟောင်ကောင်သည် ၁၇.၄၉% ဖြင့် တတိယ နေရာတွင် ရှိပါသည်။ အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း (၁၂၇၇၅.၆၅၆) ရှိပါသည်။

၂၀၀၆-၂၀၀၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၇၁၉.၇၀၂) သန်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၂၀၅.၇၂)သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည့် လုပ်ငန်းများသာ ရင်းနှီးမြှုပ်နှံခဲ့သော်လည်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ သတ္တုနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းစသည့် ကဏ္ဍများမှ တိုး၍ ရင်းနှီးမြှုပ်နှံ လာသည်ကို တွေ့ရှိ ရပါသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် သတ္တုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဟိုတယ် လုပ်ငန်းတို့မှ အမေရိကန်ဒေါ်လာ (၉၈၄.၇၆၄)သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃၂၉.၅၈) သန်းဖြင့် သတ္တု လုပ်ငန်း၊ စက်မှု လုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် လျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့မှ ရင်းနှီးမြှုပ်နှံမှု များကြောင့် ၎င်းနှစ်တွင် အမေရိကန်ဒေါ်လာ (၁၉,၉၉၈.၉၆၅)သန်း စီးဝင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုကာလ (၂၂)နှစ်တွင် အများဆုံး စီးဝင်ခဲ့ကြောင်း တွေ့ရှိရ ပါသည်။

၈။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု အခြေအနေ

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့အထိ စီးပွားရေးလုပ်ငန်းကဏ္ဍကြီး (၁၁)ခုတွင် လုပ်ငန်းပေါင်း (၈၀၇)ခုကို ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမပမာဏမှာ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၂၁၉၇.၆၅) သန်း အပါအဝင် စုစုပေါင်း ကျပ်(၁,၄၂၄,၁၄၇.၁၅)သန်း (၁,၄၂၄ ဘီလီယံ) ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသည့် စီးပွားရေး ကဏ္ဍများ တွင် အများဆုံး ရင်းနှီးမြှုပ်နှံသည့် ကဏ္ဍများမှာ စက်မှုလုပ်ငန်း၊ အိမ်ယာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှုလုပ်ငန်း၊ သယ်ယ ူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အခြားဝန်ဆောင်မှု လုပ်ငန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ ဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ် အထိ အများဆုံးရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် စီးပွားရေးကဏ္ဍမှာ စက်မှုကဏ္ဍ ဖြစ်ပြီး၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ (၃၁.၁၁) ရာခိုင်နှုန်း ရှိပါသည်။

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၆.၆၃)သန်း အပါအဝင် ကျပ်(၁၇,၈၁၇.၇၃)သန်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၀.၀၉)သန်း အပါအဝင် ကျပ် (၁,၄၈၈.၀၀)သန်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၉.၂၁)သန်းအပါအဝင် ကျပ်(၂၅,၁၅၀.၂၂)သန်း ဖြစ်ပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများပြားလာခြင်းကြောင့် ယင်းနှစ်၏ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၅၉.၇၈)သန်း အပါအဝင်ကျပ် (၄၉၇,၅၉၀.၅၆)သန်း သို့ မြင့်တက်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စက်မှုကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ များသည့် လျှပ်စစ်စွမ်းအား လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာခြင်းတို့ကြောင့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန် ဒေါ်လာ(၁,၀၀၈.၀၂)သန်း အပါအဝင် ကျပ်(၇၅၀,၉၃၀.၇၇) သန်း အထိ ဆက်လက် တိုးတက်ခဲ့ ပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့ နေ့စွဲဖြင့် အမိန့် ကြော်ငြာစာအမှတ် ၃၂/၂၀၁၁ ပြည်ပပို့ကုန် (၇)မျိုးဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများနှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန် ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။

၉။ အလုပ်အကိုင်အခွင့်အလမ်း

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရ အလုပ်အကိုင် အခွင့်အလမ်းများကို တိုးချဲ့ဖန်တီး ပေးလျက်ရှိပါသည်။ ၃၁-၇-၂၀၁၁ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်း ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းများတွင် ပြည်တွင်းဝန်ထမ်းဦးရေ (၁၅၇,၃၃၂)ဦး၊ ပြည်ပဝန်ထမ်း (၁၅,၇၂၀)ဦး၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြည်တွင်း ဝန်ထမ်းများ (၂၀၇,၄၂၉)ဦး၊ ပြည်ပ ဝန်ထမ်းဦးရေ (၂,၄၃၉)ဦး ခန့်ထားနိုင်ခဲ့ပါသဖြင့် ပြည်တွင်းဝန်ထမ်းဦးရေ စုစုပေါင်း (၁၆၄၇၅၁)ဦးနှင့် ပြည်ပဝန်ထမ်း ဦးရေ(၁၈၁၅၉)ဦးကို အလုပ် ခန့်ထားနိုင်ခဲ့ပါသည်။

၁၀။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် သတင်းအချက် အလက်အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်း

ဈေးကွက်စီးပွားရေးတွင် စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်ထိရောက်စွာ လုပ်ကိုင်နိုင်ရေး အတွက် စီးပွားရေးဝန်းကျင်ကောင်းများ (sound business environment) ဖန်တီးပေးရန် အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံ လိုသူများ၊ ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းဆောင်ရွက် လျက်ရှိသူများ လုပ်ငန်းဆောင်ရွက်ရာတွင် ယခုထက် ပိုမိုအဆင်ပြေ လွယ်ကူစေရန်အတွက်မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက် စုဆောင်းရှာဖွေ မြှင့်တင်ရေးအဖွဲ့ (The Investment Information Collection and Promotion Team-IICPT) ကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါအဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်များ ဦးစီးဌာန၊ ပြည်တွင်း အခွန်များ ဦးစီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင် ပါသည်။ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးနှင့်သတင်းအချက်အလက်အဖွဲ့သည် အပတ်စဉ် ဗုဒ္ဓဟူး/သောကြာနေ့ များတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ၏ သိရှိလိုသည့် အချက်များကို ဖြေကြားခြင်း၊ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို စိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ကုမ္ပဏီမှတ်ပုံတင်ခြင်း

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုပါက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရတည်ထောင်ရပြီး နိုင်ငံတော်အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ပါက အထူး ကုမ္ပဏီများအက်ဥပဒေ (၁၉၅၀)အရ တည်ထောင်ရပါသည်။ပြည်ထောင်စုသမ္မ မြန်မာနိုင်ငံတော် အစိုးရသစ် တာဝန်ယူသည့် ကာလတွင် ၁၈-၅-၂၀၁၁ နေ့မှစ၍ ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်း ကိစ္စရပ်များကို လျင်မြန် ချောမွေ့စေရန်အတွက် နေ့ချင်းပြီး ဆောင်ရွက်သည့် စနစ် (One Stop Service) ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၃၁-၇-၂၀၁၁ နေ့အထိ နိုင်ငံခြားကုမ္ပဏီ (၁၂၉၀)ခု၊ မြန်မာကုမ္ပဏီ–(၂၄,၀၅၀)ခု၊ ဖက်စပ်ကုမ္ပဏီ (၇၂)၊ အစုစပ် (၁၀၇၂)ခုနှင့် အသင်း (၄၃)ခု စုစုပေါင်း ကုမ္ပဏီ (၂၆,၅၂၇) မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၁၂။ နိဂုံး

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာများ ရရှိရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ စက်မှု လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေး တို့သည် အရေးကြီးပါသည်။ ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုပါဝင်လာစေရန် လက်ရှိ ပြဋ္ဌာန်း ထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ခေတ်စနစ်နှင့် လျော်ညီစေရန်အတွက် ပြင်ဆင်ရေး ဆွဲဆောင် ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာအထူး စီးပွားရေး ဇုန်ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းပေးပြီး၊ ထားဝယ်အထူး စီးပွားရေး ဇုန် စီမံကိန်းလုပ်ငန်းကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အခြားအထူးစီးပွားရေးဇုန်များနှင့်အတူ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။

ဇယား-၁

စိုက်ပျိုးရေးလုပ်ငန်းများအတွက် နှစ်စဉမြေငှားရမ်းခနှုန်းထားများ

(တစ်ဧကနှုန်း/အမေရိကန်ဒေါ်လာ)

အမှတ်စဉ်	လုပ်ငန်းအမျိုးအစား	မြေငှားရမ်းခနှုန်း
၁	မြေရိုင်းဖော်ထုတ်၍ နှစ်ရှည်ပင်များစိုက်ပျိုးခြင်း	၈.၀၀ မှ ၁၅.၀၀
၂	ရေနက်ကွင်းဒေသ၌ မြေယာဖော်ထုတ်၍ စပါး စိုက်ပျိုးခြင်း	၈.၀၀ မှ၂၀.၀၀
၃	အပူပိုင်းဒေသ၌ မြေယာဖော်ထုတ်၍ သီးနှံများ စိုက်ပျိုးခြင်း	၁၅.၀၀ မှ ၄၀.၀၀

ဇယား-၂

ရန်ကုန်တိုင်းအတွင်း တစ်စတုရန်းမီတာအတွက်နှစ်စဉ်ဝ် မြေငှားရမ်းခနှုန်းထားများ

(အမေရိကန်ဒေါ်လာ)

မြေတည်နေရာ / မြေအသုံးချမှု	အချက်အချာ (Prime Land)	မြို့လယ် (Downtown)	ဆင်ခြေဖုံး (Suburb)	အခြား (Others)
အိမ်ယာတည်ဆောက်ရန် (Residential Use)	၇.၀၀ မှ ၃၅.၀၀အထိ	၅.၀၀ မှ ၃၀.၀၀ အထိ	၂.၀၀မှ ၂၀.၀၀ အထိ	၁.၀၀ မှ ၈.၀၀ အထိ
စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် (Commercial Use)	၁၀.၀၀ မှ ၅၀.၀၀ အထိ	၆.၅၀ မှ ၄၀.၀၀ အထိ	၆,၅၀ မှ ၄၀.၀၀ အထိ	၁,၀၀ မှ ၆.၀၀ အထိ
စက်မှုလုပ်ငန်းဆောင်ရွက်ရန် (Industrial Use)	ခွင့်မပြု	ခွင့်မပြု	၂.၀၀ မှ ၂၀.၀၀ အထိ	၁.၀၀ မှ ၆.၀၀ အထိ

ဇယား-၃

ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်/တိုင်းများအတွင်း တစ်စတုရန်းမီတာအတွက် နှစ်စဉ် မြေငှားရမ်းခ နှုန်းထားများ

(အမေရိကန်ဒေါ်လာ)

မြေတည်နေရာ / မြေအသုံးချမှု	အချက်အချာ (Prime Land)	မြို့လယ် (Downtown)	ဆင်ခြေဖုံး (Suburb)	အခြား (Others)
အိမ်ယာတည်ဆောက်ရန် (Residential Use)	၅.၀၀မှ ၂၀.၀၀အထိ	၃.၀၀ မှ ၁၂.၀၀ အထိ	၁.၅၀ မှ ၈.၀၀ အထိ	၀.၂၅ မှ ၄.၀၀ အထိ
စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် (Commercial Use)	၇.၀၀ မှ ၃၀.၀၀ အထိ	၅.၀၀ မှ ၁၇.၀၀ အထိ	၁.၀၀ မှ ၁၀.၀၀ အထိ	၀.၂၅ မှ ၂.၀၀ အထိ
စက်မှုလုပ်ငန်းဆောင်ရွက်ရန် (Industrial Use)	ခွင့်မပြု	ခွင့်မပြု	၀.၅၀ မှ ၇.၀၀ အထိ	၀.၁၀ မှ ၂.၀၀ အထိ

ဇယား (၄)

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပြီး လုပ်ငန်းများ၏

၃၁-၇-၂၀၁၁ နေ့ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေ

(ကဏ္ဍအလိုက်)

(အမေရိကန်ဒေါ်လာ သန်းပေါင်း)

စဉ်	ကဏ္ဍ	စုစုပေါင်း	
		အရေအတွက်	တန်ဖိုး
၁	ရေနံနှင့်သဘာဝဓါတ်ငွေ့ လုပ်ငန်း	၁၀၄	၁၃၈၁၅.၃၇၅
၂	လျှပ်စစ်ဓါတ်အားလုပ်ငန်း	၄	၁၄၅၂၉.၇၄၂
၃	သတ္တုတူးဖော်ရေးလုပ်ငန်း	၆၄	၂၇၉၄.၄၆၃
၄	စက်မှုလုပ်ငန်း	၁၅၉	၁၇၄၅.၇၄၇
၅	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း	၄၅	၁၀၆၄.၈၁၁
၆	အိမ်ယာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု လုပ်ငန်း	၁၉	၁၀၅၆.၄၅၃
၇	မွေးမြူရေးနှင့် ရေလုပ်ငန်း	၂၅	၃၂၄.၃၅၈
၈	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း	၁၆	၃၁၃.၂၇၂
၉	စက်မှုဇုန် တည်ဆောက်မှု လုပ်ငန်း	၃	၁၉၃.၁၁၃
၁၀	ဆောက်လုပ်ရေးလုပ်ငန်း	၂	၃၇.၇၆၇
၁၁	လယ်ယာလုပ်ငန်း	၇	၁၇၃.၁၀၁
၁၂	အခြား ဝန်ဆောင်မှု လုပ်ငန်းများ	၆	၂၃.၆၈၆
	စုစုပေါင်း	**၄၅၄**	**၃၆၀၇၁.၈၈၈**

Macro paper (DICA)

ဇယား-၅

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပြီး လုပ်ငန်းများ၏
၃၁-၇-၂၀၁၁ နေ့ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေ
(နိုင်ငံအလိုက်)

(အမေရိကန်ဒေါ်လာ သန်းပေါင်း)

စဉ်	နိုင်ငံ	စုစုပေါင်း	
		အရေ အတွက်	တန်ဖိုး
၁	တရုတ်ပြည်သူ့ သမ္မတနိုင်ငံ	၃၂	၉၆၀၃.၁၆၈
၂	ထိုင်းနိုင်ငံ	၆၁	၉၅၆၈.၀၉၃
၃	ဟောင်ကောင်	၃၈	၆၃၀၈.၄၉၅
၄	ကိုရီးယား သမ္မတနိုင်ငံ	၄၇	၂၉၃၃.၀၁၇
၅	ယူနိုက်တက် ကင်းဒမ်း*	၅၁	၂၆၅၉.၉၅၄
၆	စင်ကာပူ	၇၄	၁၈၁၈.၆၁၃
၇	မလေးရှား	၃၈	၉၇၅.၀၉၇
၈	ပြင်သစ်	၂	၄၆၉.၀၀၀
၉	အမေရိကန် ပြည်ထောင်စု	၁၅	၂၄၃.၅၆၅
၁၀	အင်ဒိုနီးရှား	၁၂	၂၄၁.၄၉၇
၁၁	နယ်သာလန်	၅	၂၃၈.၈၃၅
၁၂	ဂျပန်	၂၂	၂၁၁.၉၀၂
၁၃	အိန္ဒိယ	၅	၁၈၉.၀၀၀
၁၄	ဖိလစ်ပိုင်	၂	၁၄၆.၆၆၇
၁၅	ရုရှား ဖက်ဒရေးရှင်း	၂	၉၄.၀၀၀
၁၆	ဩစတြေးလျ	၁၄	၈၂.၀၈၀
၁၇	ဩစတြီးယား	၂	၇၂.၅၀၀
၁၈	အာရပ်စော်ဘွားများ ပြည်ထောင်စု	၁	၄၁.၀၀၀
၁၉	ကနေဒါ	၁၄	၃၉.၇၈၁
၂၀	မော်ရိသျှ	၂	၃၀.၅၇၅
၂၁	ပနားမား	၁	၂၉.၁၀၁
၂၂	ဗီယက်နမ်	၂	၂၃.၆၄၉
၂၃	ဂျာမနီ	၂	၁၇.၅၀၀
၂၄	ဒိန်းမတ်	၁	၁၃.၃၇၀
၂၅	ဆိုက်ပရပ်	၁	၅.၂၅၀
၂၆	မကာအို	၂	၄.၄၀၀
၂၇	ဆွစ်ဇာလန်	၁	၃.၃၈၂
၂၈	ဘင်္ဂလားဒေ့ရှ်	၂	၂.၉၅၇
၂၉	အစ္စရေး	၁	၂.၄၀၀
၃၀	ဘရူနိုင်းဒါရုစလင်	၁	၂.၀၄၀
၃၁	သီရိလင်္ကာ	၁	၁.၀၀၀
	စုစုပေါင်း	**၄၅၄**	**၃၆၀၇၁.၈၈၈**

*British Virgin Islands, Bermuda Islands နှင့် Cayman Islands တို့တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ ပါဝင်ပါသည်။

Macro paper (DICA)

ဇယား-၆

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပြီး လုပ်ငန်းများ၏ ၃၁-၇-၂၀၁၁ နေ့ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေ (ဒေသအလိုက်)

(အမေရိကန် ဒေါ်လာသန်းပေါင်း)

အမှတ်စဉ်			နိုင်ငံ	စုစုပေါင်း ခွင့်ပြုပြီး လုပ်ငန်းများ		
				အရေအတွက်	ရင်းနှီးငွေ ပမာဏ	%
၁			အာရှ	၃၃၈	၃၂၀၆၆.၁၉၅	၈၈.၉၀
	၁		အာဆီယံ	၁၉၀	၁၂၇၇၅.၆၅၆	၃၅.၄၂
		၁	ထိုင်းနိုင်ငံ	၆၁	၉၅၆၈.၀၉၃	၂၆.၅၃
		၂	စင်ကာပူ	၇၄	၁၈၁၈.၆၁၃	၅.၀၄
		၃	မလေးရှား	၃၈	၉၇၅.၀၉၇	၂.၇၀
		၄	အင်ဒိုနီးရှား	၁၂	၂၄၁.၄၉၇	၀.၆၇
		၅	ဖိလစ်ပိုင်	၂	၁၄၆.၆၆၇	၀.၄၁
		၆	မီယက်နမ်	၂	၂၃.၆၄၉	၀.၀၇
		၇	ဘရူနိုင်းဒါရုစလင်	၁	၂.၀၄၀	၀.၀၁
	၂		အခြားအာရှ	၁၄၈	၁၉၂၉၀.၅၃၉	၅၃.၄၈
		၈	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၃၂	၉၆၀၃.၁၆၈	၂၆.၆၂
		၉	ဟောင်ကောင်	၃၈	၆၃၀၈.၄၉၅	၁၇.၄၉
		၁၀	ကိုရီးယားသမ္မတနိုင်ငံ	၄၇	၂၉၃၃.၀၁၇	၈.၁၃
		၁၁	ဂျပန်	၂၂	၂၁၁.၉၀၂	၀.၅၉
		၁၂	အိန္ဒိယ	၅	၁၈၉.၀၀၀	၀.၅၂
		၁၃	အာရပ်စော်ဘွားများပြည်ထောင်စု	၁	၄၁.၀၀၀	၀.၁၁
		၁၄	ဘင်္ဂလားဒေ့ရှ်	၂	၂.၉၅၇	၀.၀၁
		၁၅	သီရိလင်္ကာ	၁	၁.၀၀၀	၀.၀၀
၂			အီးယူ	၆၃	၃၄၇၁.၁၅၉	၉.၆၂
		၁၆	ယူနိုက်တက်ကင်းဒမ်း	၅၁	၂၆၅၉.၉၅၄	၇.၃၇
		၁၇	ပြင်သစ်	၂	၄၆၉.၀၀၀	၁.၃၀
		၁၈	နယ်သာလန်	၅	၂၃၈.၈၃၅	၀.၆၆
		၁၉	ဩစတြီးယား	၂	၇၂.၅၀၀	၀.၂၀
		၂၀	ဂျာမဏီ	၂	၁၇.၅၀၀	၀.၀၅
		၂၁	ဒိန်းမတ်	၁	၁၃.၃၇၀	၀.၀၄
၃			အခြား	၅၃	၅၃၄.၅၃၄	၁.၄၈
		၂၂	အမေရိကန်ပြည်ထောင်စု	၁၅	၂၄၃.၅၆၅	၀.၆၈
		၂၃	ရုရှားဖက်ဒရေးရှင်း	၂	၉၄.၀၀၀	၀.၂၆
		၂၄	ဩစတြေးလျ	၁၄	၈၂.၀၈၀	၀.၂၃
		၂၅	ကနေဒါ	၁၄	၃၉.၇၈၁	၀.၁၁
		၂၆	မော်ရီးသျှ	၂	၃၀.၅၇၅	၀.၀၈
		၂၇	ပနားမား	၁	၂၉.၁၀၁	၀.၀၈
		၂၈	ဆိုက်ပရပ်	၁	၅.၂၅၀	၀.၀၁
		၂၉	မကာအို	၂	၄.၄၀၀	၀.၀၁
		၃၀	ဆွစ်ဇာလန်	၁	၃.၃၈၂	၀.၀၁
		၃၁	အစ္စရေး	၁	၂.၄၀၀	၀.၀၁
			စုစုပေါင်း	၄၅၄	၃၆၀၇၁.၈၈၈	၁၀၀.၀၀

ဇယား-၇

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပြီး လုပ်ငန်းများ၏
(၃၁-၇-၂၀၁၁)နေ့ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေ
(ကဏ္ဍအလိုက်)

(ကျပ် သန်းပေါင်း)

စဉ်	ကဏ္ဍ	စုစုပေါင်း	
		အရေ အတွက်	တန်ဖိုး
၁	လျှပ်စစ်ဓါတ်အားလုပ်ငန်း	၆	၂၄၁၈၆၃.၂၄
၂	သတ္တုတူးဖော်ရေးလုပ်ငန်း	၄၉	၁၂၁၈၇.၉၂
၃	စက်မှုလုပ်ငန်း	၅၅၁	၂၃၉၇၁၈.၆၀
၄	ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း	၂၁	၅၀၃၄၇.၄၀
၅	အိမ်ယာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု လုပ်ငန်း	၃၀	၃၀၀၈၁.၉၆
၆	မွေးမြူရေးနှင့် ရေလုပ်ငန်း	၅၆	၁၄၅၈၅.၇၉
၇	သယ်ယူပို့ဆောင်ရေး လုပ်ငန်း	၁၆	၆၇၂၈၅.၆၂
၈	စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း	၁	၁၀၁၂.၇၉
၉	ဆောက်လုပ်ရေးလုပ်ငန်း	၄၄	၆၀၀၅၆၃.၄၁
၁၀	လယ်ယာလုပ်ငန်း	၅	၅၄၇.၉၀
၁၁	အခြား လုပ်ငန်းများ	၁၅	၆၆၅၄၅.၉၈
	စုစုပေါင်း	**၇၉၄**	**၁၃၂၄၇၄၀.၆၁***